# မန္တလေး နေ့စဉ်

*The Mandalay Daily*

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉)၊ အမှတ်(၆၆)၊ ၁၃၈၇ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၃ ရက်၊ ၄–၂–၂၀၂၆၊ ဗုဒ္ဓဟူးနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

ရတနာသုံးပါးတည်းဟူသော ဤကိုးကွယ်ရာသည် သာလျှင် ဘေးကင်းစေနိုင်သော ကိုးကွယ်ရာ၊ မြတ်သော ကိုးကွယ်ရာမည်၏။ ဤရတနာသုံးပါးကို ဆည်းကပ် ကိုးကွယ်သည့်အတွက် ဆင်းရဲအားလုံးမှ လွတ်၏။

(ဓမ္မပဒ)

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ရေး။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ လုံခြုံရေးကောင်စီအတွင်းရေးမှူး H.E.Mr. Sergey SHOIGU ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၃**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ လုံခြုံရေးကောင်စီအတွင်းရေးမှူး H.E.Mr. Sergey SHOIGU ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက်ပိုင်းတွင် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်အတူ ကော်မရှင်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံ လုံခြုံရေးကောင်စီအတွင်းရေးမှူးနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E.Mr. Iskander Azizov နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ အစိုးရအဖွဲ့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့ တွေ့ဆုံဆွေးနွေးစဉ် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက အဆွေတော် ရုရှားဖက်ဒရေးရှင်းနိုင်ငံ လုံခြုံရေးကောင်စီအတွင်းရေးမှူးနှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များအားလုံးကို လှိုက်လှဲနွေးထွေးစွာကြိုဆိုပါကြောင်း၊ မိမိတို့အနေဖြင့် ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်နေ့မှစ၍ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို အပိုင်း(၃)ပိုင်းခွဲ၍ကျင်းပပြုလုပ်ခဲ့ပြီး အောင်မြင်စွာကျင်းပနိုင်ခဲ့ပါကြောင်း၊ ယနေ့တွင် ရွေးကောက်ခံရသူ ကိုယ်စားလှယ်များ၏ အမည်စာရင်းအား နောက်ဆုံးထုတ်ပြန်သွားမည်ဖြစ်ပြီး မတ်လတတိယပတ်အတွင်း လွှတ်တော်အစည်းအဝေးခေါ်ယူသွားမည်ဖြစ်ပါကြောင်း၊

စာမျက်နှာ ၃ သို့ ☆



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ လုံခြုံရေးကောင်စီအတွင်း ရေးမှူး H.E.Mr. Sergey SHOIGU အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

## မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်

**နေပြည်တော် ဖေဖော်ဝါရီ ၃**

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**မြန်မာ့ပင်လယ်ပြင်မှာ** လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၃ ပေမှ ၅ ပေခန့် ရှိနိုင်ပါသည်။

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ် လျော့နည်းနိုင်ပါသည်။

**နေပြည်တော်နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**မန္တလေးမြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ မိုး/ဇလ

၂၀၂၆ ခုနှစ် ၊ ဖေဖော်ဝါရီ ၄ ရက် ၊ ဗုဒ္ဓဟူးနေ့ ။

မန္တလေး

# တောင်သူနည်းပညာပေး ဆွေးနွေးပွဲများ ကျင်းပပေးလျက်ရှိ

ရေရှည်တည်တံ့သော မွေးမြူရေးနှင့် အပင်သယံဇာတထိန်းသိမ်းရေးနှင့် အသုံးချရေးကို ကျေးရွာသစ်စီမံကိန်းများမှ စတင်ဆောင်ရွက်ရန်လိုကြောင်း၊ အပင်ဗီဇ အရင်းအမြစ်ထိန်းသိမ်းရေး၊ သီးနှံ သစ်တောရောနှောစိုက်ခင်းများအပြင် အိမ်ခြံဝင်း ဥယျာဉ်စိုက်ပျိုးရေးကဏ္ဍများကို အလေးထားလုပ်ဆောင်ရန်လိုအပ်ကြောင်း၊ တောင်သူလယ်သမား တွေ့ဆုံပွဲများတွင် လူမှုမီဒီယာကွန်ရက်များ အသုံးပြုမှုကို ထိရောက်စွာ တိုးမြှင့်အသုံးပြု၍ သုတနှင့်နည်းပညာများ ဖြန့်ဝေရန်လိုကြောင်း၊ လုပ်ကွက်ငယ်တောင်သူများအနေဖြင့် စိုက်ပျိုးရေးလုပ်ငန်းအပြင် စရိတ်ကျဉ်း၍ ဝင်ငွေပိုမိုရရှိနိုင်သော ဒေသကြက်နှင့် ငုံးမွေးမြူရေးလုပ်ငန်းများကို ပိုမိုချဲ့ထွင်လုပ်ကိုင်သင့်ကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်က ဇန်နဝါရီ ၃၁ ရက် နံနက်ပိုင်းက နေပြည်တော် ဇေယျာသီရိမြို့နယ် ရေဆင်းရှိ စိုက်ပျိုးပညာပေးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးသင်တန်းကျောင်း (AERDTC) ခန်းမ၌ ကျင်းပသည့် (၉၉)ကြိမ်မြောက် တောင်သူနည်းပညာဆွေးနွေးပွဲ၌ ပြောကြားသည်။

ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ မွေးမြူရေးပညာဌာန ပါမောက္ခဌာနမှူး ဒေါက်တာအေးအေးမြင့်က ရေရှည်တည်တံ့သော စိုက်ပျိုးရေးစနစ်အတွက် သီးနှံစိုက်ပျိုးရေးနှင့် တိရစ္ဆာန်မွေးမြူရေး ပေါင်းစပ်လုပ်ကိုင်ခြင်း ခေါင်းစဉ်ဖြင့် ပေါင်းစပ်စနစ်၏ အစိတ်အပိုင်းများနှင့် ပတ်ဝန်းကျင်အပေါ် သက်ရောက်မှုပုံစံများ၊ အိမ်နီးချင်းနိုင်ငံများ၏ သီးနှံနှင့် မွေးမြူရေးပေါင်းစပ်စိုက်ပျိုးထုတ်လုပ်မှုစနစ်များ လေ့လာခြင်း၊ မြန်မာနိုင်ငံ၏ဒေသအလိုက် သီးနှံနှင့်မွေးမြူရေးပေါင်းစပ်လုပ်ကိုင်နိုင်သည့် ပုံစံများ၊ မွေးမြူနည်းစနစ်များနှင့် ထုတ်ကုန်များ၊ တိရစ္ဆာန်အစာဖြင့် အသုံးပြုနိုင်သော စိုက်ပျိုးရေးဘေးထွက်ပစ္စည်းများ၊ လုပ်ငန်းစတင်ရန်အတွက် ဆောင်ရွက်ရမည့်အချက်များ၊ ပေါင်းစည်းစနစ်၏ အားသာချက်နှင့် အားနည်းချက်များ၊ တောင်သူများ လက်တွေ့ရရှိလာမည့် နည်းပညာများကို ရှင်းလင်းဆွေးနွေးပြီး သီးနှံနှင့် မွေးမြူရေး ပေါင်းစည်းလုပ်ကိုင်ခြင်းစနစ် ကျယ်ပြန့်လာစေရန်နှင့်တိရစ္ဆာန်အညစ်အကြေးများကို စနစ်တကျ မြေဆွေးပြုလုပ်ပြီး စိုက်ပျိုးရေးတွင် ပြန်လည်အသုံးပြုခြင်းဖြင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုကို တားဆီးနိုင်သည့်အပြင် မြေသြဇာဖိုးကိုလည်း ချွေတာနိုင်ခြင်းကြောင့် စိုက်ပျိုးရေးနှင့် မွေးမြူရေး အပြန်အလှန် အကျိုးပြုသည့်စနစ်(Integrated Farming)ကို ကျင့်သုံးကြစေလိုကြောင်း ပြောကြားသည်။

စိုက်ပျိုးရေးဦးစီးဌာန၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာနတို့မှ ပညာရှင်များနှင့် သုတေသီများ၊ စိုက်ပျိုးရေးတက္ကသိုလ်မှ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ၊ နေပြည်တော်ကောင်စီနယ်မြေ(၈)မြို့နယ်မှ တောင်သူ ၁၀၅ ဦးတို့ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ စိုက်ပျိုးရေးပညာရှင် ၁၈၀ ဦးက အွန်လိုင်းဖြင့် ပါဝင်တက်ရောက်ဆွေးနွေးခဲ့ကြသည်။

မြန်မာနိုင်ငံသည် အခြေခံအားဖြင့် လယ်ယာစိုက်ပျိုးရေးကို အဓိကထားလုပ်ဆောင်လျက်ရှိပြီး သဘာဝမှပေးထားသည့် ရာသီဥတုနှင့်မြေအနေအထား၊ တည်နေရာအနေအထားအရ စိုက်ပျိုးရေးလုပ်ငန်းများနှင့်မွေးမြူရေးလုပ်ငန်းများ ကောင်းမွန်စွာဖြစ်ထွန်းသည့် နိုင်ငံဖြစ်သောကြောင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက တောင်သူနည်းပညာပေးဆွေးနွေးပွဲများ ကျင်းပပေးလျက်ရှိကြောင်း ရေးသားလိုက်ရပေသည်။

၀-၀-၀-၀-၀

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ၂၀၂၆ ခုနှစ်၊ (၂၂)ကြိမ်မြောက် မြို့တော်ဝန်ဖလား ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန်ပြပွဲ၊ ပြိုင်ပွဲ ကျင်းပမည်

(၂၂)ကြိမ်မြောက် မြို့တော်ဝန်ဖလား ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန်ပြပွဲ၊ ပြိုင်ပွဲကို ၇၈ လမ်းနှင့် သိပ္ပံလမ်းထောင့်၊ ဆင်ဖြူကန်ကွင်းအရှေ့ဘက်ခြမ်းနေရာတွင် ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီ (၁၂)ရက်မှ (၁၄)ရက်အထိ ကျင်းပသွားမည်ဖြစ်ရာ ပြိုင်ပွဲတွင်-

(၁) ပန်းအလှပြုပြင်ခြင်းပြိုင်ပွဲ၊
(၂) ပန်းအလှပင်ပြိုင်ပွဲ၊
(၃) ရာသီပန်းအလှပင်ပြိုင်ပွဲ၊
(၄) အရွက်အလှပင်ပြိုင်ပွဲ၊
(၅) ရွက်လှပင်ပြိုင်ပွဲ၊
(၆) ပြည်တွင်းသစ်ခွပြိုင်ပွဲ၊
(၇) ပြည်ပသစ်ခွပြိုင်ပွဲ(ကတ်တလီးယားပြိုင်ပွဲ)၊
(၈) ပြည်ပသစ်ခွ(စင်ဘီးဒီးယမ်းပြိုင်ပွဲ)၊
(၉) ပြည်ပသစ်ခွ(ဗန်ဒါပြိုင်ပွဲ)၊
(၁၀) နှင်းဆီပင်အမျိုးမျိုးပြိုင်ပွဲ၊
(၁၁) ရှားစောင်းပင်ပြိုင်ပွဲ၊
(၁၂) သက်ကြီးပုပင်(ဘွန်ဆိုင်း)ပြိုင်ပွဲ၊
(၁၃) အသီးပါသည့် အလှအပင်ပြိုင်ပွဲ၊
(၁၄) ဟင်းသီးဟင်းရွက် အရွက်ပြိုင်ပွဲ (ဥပမာ-မုန်ညင်းရွက်)၊
(၁၅) ဟင်းသီးဟင်းရွက် အထုပ်ပြိုင်ပွဲ (ဥပမာ-ဂေါ်ဖီထုပ်၊ ပန်းမုန်လာထုပ်)၊
(၁၆) ဟင်းသီးဟင်းရွက် အသီးပါအပင်ပြိုင်ပွဲ (ဥပမာ-ခရမ်း၊ ငရုတ်)၊
(၁၇) ဟင်းသီးဟင်းရွက် ဥပြိုင်ပွဲ (ဥပမာ-မုန်လာဥ)၊
(၁၈) သစ်သီးပြိုင်ပွဲ (ဥပမာ-သင်္ဘောသီး၊ ဖရဲသီး)၊
(၁၉) ဟင်းသီး အသီးအလုံးလိုက်ပြိုင်ပွဲ (ဥပမာ-ဘူးသီး)၊
(၂၀) သစ်သီးဝလံအခိုင်လိုက်ပြိုင်ပွဲ (ဥပမာ-ငှက်ပျောခိုင်၊ အုန်းသီးခိုင်)၊
(၂၁) သစ်သီးဝလံဥပြိုင်ပွဲ (ဥပမာ-စိမ်းစားဥ၊ ကန်စွန်းဥ၊ ဝဥ၊ မျောက်ဥ)၊
(၂၂) ဟင်းသီး အသီးအနှံအတွဲလိုက်ပြိုင်ပွဲ (ဥပမာ-ခရမ်းချဉ်သီး)၊
(၂၃) သစ်သီးပုံဖော်အလှဆင်ခြင်းပြိုင်ပွဲ၊

ပြိုင်ပွဲအမျိုးအစားအားလုံးအတွက် ပထမဆု၊ ဒုတိယဆု၊ တတိယဆု၊ နှစ်သိမ့်ဆု(၃)ဆု ချီးမြှင့်မည်ဖြစ်ပါသည်။ ပါဝင်ယှဉ်ပြိုင်လိုသူများသည် ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန်များအား ဆင်ဖြူကန်ကွင်းအရှေ့ဘက်ခြမ်း ကွပ်ကဲရေးရုံးသို့ ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီ ၁၀ ရက် ရုံးချိန်အတွင်း ပေးပို့ရမည်။ ပန်းအလှပြုပြင်ခြင်းနှင့် သစ်သီးပုံဖော်အလှဆင်ခြင်း ပြိုင်ပွဲများအတွက် ပြိုင်ပွဲဝင်ပစ္စည်းများကို ဖေဖော်ဝါရီ ၁၁ ရက်၊ ၁၁ နာရီအထိ လက်ခံဆောင်ရွက်ပေးပါမည်။ အသေးစိတ်အချက်အလက်များကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ပန်းဥယျာဉ်နှင့် ကစားကွင်းများဌာန၊ ဖုန်း(၀၉-၂၀၀၁၀၄၉၊ ၀၉-၂၀၃၅၂၇၄၊ ၀၉-၂၀၁၉၃၉၅)တို့တွင် ဆက်သွယ်စုံစမ်းနိုင်ပါသည်။

## ပြည်သူများအား အခြေခံစားသောက်ကုန်များကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ

**မန္တလေး ဖေဖော်ဝါရီ ၃**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရုံးဖွင့်ရက်များတွင် မြို့နယ်အလိုက် ရောင်းချပေးလျက်ရှိရာ ယနေ့ နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်၊ ၆၃ လမ်း၊ ၃၁လမ်းနှင့် ၃၂လမ်းကြားနှင့် ပြည်ကြီးတံခွန်မြို့နယ်၊ ပလကရပ်ကွက်၊ မိုးထိအောင်စည်ရိပ်သာအနီး၊ ရန်-မန်းလမ်းတို့တွင် ရောင်းချပေးခဲ့သည်။

သက်သာဈေးရောင်းချမည့် အစီအစဉ်များမှာ ဖေဖော်ဝါရီ ၄ ရက်တွင်မဟာအောင်မြေမြို့နယ်၊ ရွှေဘုန်းရှိန်ရပ်ကွက်၊ ၈၂ လမ်းနှင့် ၄၂ လမ်းထောင့်နှင့် အမရပူရမြို့နယ်၊ ဆင်စွယ်ပွတ်ရပ်ကွက်၊ မဟာဂန္ဓာရုံအနောက်၊ တရုတ်တန်းလမ်း၊ ပန်းဘဲတန်းရပ်တို့တွင်လည်းကောင်း၊ ဖေဖော်ဝါရီ ၅ ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ ဟေမာဇလရပ်ကွက်၊ ၂၇လမ်း၊ ၇၇လမ်းနှင့် ၇၈လမ်းကြားတွင်လည်းကောင်း၊ ဖေဖော်ဝါရီ ၆ ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ ရွှေလုံရပ်ကွက်၊ ၂၇ လမ်း၊ ၇၁လမ်းနှင့် ၇၂လမ်းကြားနှင့်ချမ်းမြသာစည်မြို့နယ်၊ ကျွန်းလုံးဥသျှောင်ရပ်ကွက်၊ ၈၂ လမ်းနှင့် ၈၄ လမ်းကြား၊ ဘုရားကြီးတောင်ဘက်တို့တွင်လည်းကောင်း ရောင်းချပေးသွားမည်ဖြစ်သည်။

ထိုသို့ တိုက်ရိုက်ရောင်းချနေမှုအစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေးနှင့် တာဝန်ရှိသူများ၊ ဈေးနှင့် သားသတ်ဌာန ဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်၍ ပြည်သူများ အဆင်ပြေစွာ ဝယ်ယူရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(အောက်ပုံ)

(မန္တလေးနေ့စဉ်-၆)



မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်

☆ ရှေ့ဖုံးမှ

မြန်မာနိုင်ငံ၌ ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပပြီးစီးသည့်အချိန်၌အဆွေတော်၏ ခရီးစဉ်ရောက်ရှိလာမှုမှာလည်း ထူးခြားလေးနက်မှုရှိပါကြောင်း၊ အဆွေတော်၏ ခရီးစဉ်အတွင်း နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုမြှင့်တင်ဆောင်ရွက်သွားနိုင်မည်ဖြစ်ပါကြောင်း ဦးစွာနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် ရုရှားဖက်ဒရေးရှင်းနိုင်ငံ လုံခြုံရေးကောင်စီအတွင်းရေးမှူးက ဆွေးနွေးပြောကြားရာတွင် မိမိနှင့်ကိုယ်စားလှယ်အဖွဲ့ဝင်များအားလုံးကို နွေးထွေးစွာကြိုဆိုမှုနှင့် တွေ့ဆုံခွင့်ပေးသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ မိမိတို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ H.E. Vladimir Vladimirovich Putin က အဆွေတော်တို့နိုင်ငံတွင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ခဲ့မှုအတွက် ပေးပို့လိုက်သည့် ဂုဏ်ပြုသဝဏ်လွှာအားလက်ရောက်ပေးအပ်လိုပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အခက်အခဲများကြားမှ ယခုကဲ့သို့ရွေးကောက်ပွဲကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့မှုအပေါ်တွင် မိမိတို့ရုရှားနိုင်ငံအနေဖြင့် အသိအမှတ်ပြုအပ်ပါကြောင်း၊ မိမိတို့နှစ်နိုင်ငံအကြား ကဏ္ဍစုံတွင်ပူးပေါင်းဆောင်ရွက်မှုများအား ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံတွင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပပြုလုပ်ချိန်တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံအပါအဝင် နိုင်ငံတကာမှရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေးအဖွဲ့များလာရောက်ခဲ့ပြီး ပြည်သူများက တက်ကြွစွာ ဆန္ဒမဲပေးခဲ့ကြသည်ကို မြင်တွေ့ခဲ့ရမှုနှင့် လွတ်လပ်ပြီးတရားမျှတမှုရှိသည့် ရွေးကောက်ပွဲတစ်ရပ်အဖြစ်ကျင်းပနိုင်သည်ကို သိရှိခဲ့ရသည့် အခြေအနေများ၊ မြန်မာနိုင်ငံအစိုးရအနေဖြင့် ပြည်တွင်းငြိမ်းချမ်းရေးရရှိရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံတွင် ကျင်းပပြုလုပ်ခဲ့သည့် ၁၉၄၁-၁၉၄၅ မဟာမျိုးချစ်စစ်ပွဲကြီးအောင်ပွဲ နှစ်(၈၀)ပြည့် အထိမ်းအမှတ်စစ်ရေးပြအခမ်းအနားတွင် မြန်မာတပ်မတော်က ပါဝင်ချီတက်ခဲ့မှုအပေါ် ရုရှားနိုင်ငံက အမြဲအမှတ်ရနေမည်ဖြစ်ပြီး ဖက်ဆစ်တော်လှန်ရေးနှင့်ပတ်သက်၍ တူညီသော သမိုင်းကြောင်းများရှိခဲ့သည့်အခြေအနေများ၊ နှစ်နိုင်ငံအကြား Cyber security၊ Information security တို့ အပါအဝင် လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များတွင် ပိုမိုပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများ၊ မြန်မာနိုင်ငံအနေဖြင့် အွန်လိုင်းငွေကြေးလိမ်လည်မှုတိုက်ဖျက်ရေးဆိုင်ရာကိစ္စရပ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ချမှတ်၍ တိုက်ဖျက်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် နှစ်နိုင်ငံပူးပေါင်းတိုက်ဖျက်ဆောင်ရွက်သွားနိုင်မည့် အခြေအနေများ၊ စီးပွားရေးနှင့် ကုန်သွယ်ရေးကဏ္ဍ၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးကဏ္ဍ၊ အာကာသနည်းပညာဖွံ့ဖြိုးရေးကဏ္ဍ၊ ပညာရေးကဏ္ဍတို့တွင် ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်သွားနိုင်မည့်အခြေအနေများနှင့်ပတ်သက်၍ ခင်မင်ရင်းနှီးစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ လုံခြုံရေးကောင်စီအတွင်းရေးမှူးတို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ခဲ့ကြပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ ရုရှားဖက်ဒရေးရှင်းနိုင်ငံ လုံခြုံရေးကောင်စီအတွင်းရေးမှူး H.E.Mr. Sergey SHOIGU ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့နှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

# ရုရှားဖက်ဒရေးရှင်းနိုင်ငံ လုံခြုံရေးကောင်စီအတွင်းရေးမှူး H.E.Mr. Sergey SHOIGU ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ သူရဲကောင်းဗိမာန်(နေပြည်တော်)သို့ သွားရောက်ဂုဏ်ပြု ပန်းခြင်းချ အလေးပြု

နေပြည်တော် ဖေဖော်ဝါရီ ၃

အမျိုးသား လုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် နိုင်ငံတော်သမ္မတရုံး ဝန်ကြီးဌာန (၁) ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်း၏ ဖိတ်ကြားချက်အရ မြန်မာနိုင်ငံသို့ ရောက်ရှိနေသည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ လုံခြုံရေးကောင်စီအတွင်းရေးမှူး H.E.Mr. Sergey SHOIGU ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် သူရဲကောင်းဗိမာန်(နေပြည်တော်)သို့ သွားရောက်၍ ဂုဏ်ပြုပန်းခြင်းချပြီး သူရဲကောင်းစစ်သည်များအား အလေးပြုကြသည်။



ရုရှားဖက်ဒရေးရှင်းနိုင်ငံ လုံခြုံရေးကောင်စီအတွင်းရေးမှူး H.E.Mr. Sergey SHOIGU ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ သူရဲကောင်းစစ်သည်များအား ဂုဏ်ပြုပန်းခြင်းချကာ အလေးပြုကြစဉ်။

ဦးစွာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ လုံခြုံရေးကောင်စီအတွင်းရေးမှူး H.E.Mr. Sergey SHOIGU ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် သူရဲကောင်းဗိမာန်အတွင်း နေရာယူကြပြီး သူရဲကောင်း စစ်သည်များအား ဂုဏ်ပြုပန်းခြင်းချ အလေးပြုကြကာ ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင်လက်မှတ်ရေးထိုးသည်။

ထို့နောက် ကိုယ်စားလှယ်အဖွဲ့သည် သူရဲကောင်းဗိမာန်(နေပြည်တော်)၌ အမှတ်တရစုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြပြီး ဗိမာန်အတွင်း လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ယနေ့ နံနက်ပိုင်းတွင် Jasmine Naypyitaw Hotel ၌ သတင်းအချက်အလက် နည်းပညာနှင့်ဆိုက်ဘာ လုံခြုံရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးဆန်းဝင်းထွန်း၊ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဆွေတို့က ရုရှား Astra ကုမ္ပဏီအဖွဲ့မှ Mr. Nilolai Prnishnikov ဦးဆောင်သော အဖွဲ့အားလည်းကောင်း၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်က ရုရှားနိုင်ငံ မီဒီယာဆက်သွယ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဌာနမှ Ms.Lyudmila KATSURO ဦးဆောင်သော အဖွဲ့အားလည်းကောင်း တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

မွန်းလွဲပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ လုံခြုံရေးကောင်စီအတွင်းရေးမှူး H.E.Mr. Sergey SHOIGU ဦးဆောင်သော ကိုယ်စားလှယ် အဖွဲ့သည် နေပြည်တော်လေဆိပ်မှ ပြန်လည်ထွက်ခွာသွားကြရာ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကိုကိုကျော်၊ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန(၁)နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီးနှင့် တာဝန်ရှိသူများက လေဆိပ်တွင် လိုက်လံပို့ဆောင်နှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



## ပို့ဆောင်နှုတ်ဆက်

ရုရှားဖက်ဒရေးရှင်းနိုင်ငံ လုံခြုံရေးကောင်စီ အတွင်းရေးမှူး H.E.Mr. Sergey SHOIGU ဦးဆောင်သော ကိုယ်စားလှယ် အဖွဲ့အား တာဝန်ရှိသူများက နေပြည်တော်လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်စဉ်။




နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်မှ နည်းပြအရာရှိကြီးများနှင့် သင်တန်းသားအရာရှိကြီးများအား Video Conferencing ဖြင့် အမှာစကားပြောကြားစဉ်။

# နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်မှ နည်းပြအရာရှိကြီးများနှင့် သင်တန်းသားအရာရှိကြီးများအား Video Conferencing ဖြင့် အမှာစကားပြောကြား

နေပြည်တော် ဖေဖော်ဝါရီ ၃

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့မွန်းလွဲပိုင်းတွင် နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်မှ နည်းပြအရာရှိကြီးများနှင့် သင်တန်းသားအရာရှိကြီးများအား Video Conferencing ဖြင့် အမှာစကားပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကော်မရှင်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကော်မရှင်အဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး ကျော်စွာလင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော၊ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ အမှုဆောင်ချုပ် ဦးအောင်လင်းဒွေး၊ ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်ကျောင်းအုပ်ကြီး၊ နည်းပြအရာရှိကြီးများနှင့် သင်တန်းသားအရာရှိကြီးများက Video Conferencing ဖြင့် တက်ရောက်ကြသည်။

☆ **ပြည်သူများအနေဖြင့် ဒီမိုကရေစီလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းလိုခြင်းနှင့် နိုင်ငံတော်အစိုးရ၏ လုပ်ဆောင်ချက်အပေါ် ယုံကြည်မှုရှိခြင်းတို့ကို တွေ့ရကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့်လည်း ပြည်သူများ၏ဆန္ဒကို လေးစားရမည်ဖြစ်ပြီး ပြည်သူများ၏ လိုလားချက်များအတိုင်း မှန်မှန်ကန်ကန်ဖြင့်ဆောင်ရွက်သွားရန်လို**

## လွတ်လပ်ပြီးတရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပနိုင်ခဲ့မှု

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမှာစကားပြောကြားရာတွင် နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်တွင် တက်ရောက်နေကြသည့် စစ်ဘက်၊ နယ်ဘက်မှ သင်တန်းသားများအနေဖြင့် မကြာခင်သင်တန်းပြီးဆုံးတော့မည်ဖြစ်ပြီး နိုင်ငံတော်၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှု အခြေအနေများနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရှေ့ဆက်လက်ဆောင်ရွက်သွားရန် လိုအပ်သည်များကို ဆွေးနွေးမှာကြားလိုကြောင်း၊ ရွေးကောက်ပွဲနှင့် ပတ်သက်၍ ပြီးခဲ့သည့် ဒီဇင်ဘာလ ၂၈ ရက်နေ့မှစတင်၍ အပိုင်း (၃)ပိုင်းခွဲ၍ ကျင်းပပြုလုပ်ခဲ့ပြီး ကျင်းပသည့် မြို့နယ်များအားလုံးတွင် ရာနှုန်းပြည့်ကျင်းပနိုင်ခဲ့ကြောင်း၊ ပါတီစုံဒီမိုကရေစီနိုင်ငံတစ်ခုအနေဖြင့် တပ်မတော်အနေဖြင့်လည်း ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ခိုင်ခိုင်မာမာ လျှောက်လှမ်းနိုင်ရေးဆောင်ရွက်ခြင်းပင်ဖြစ်ကြောင်း၊ ဆန္ဒမဲပေးသူ ၁၃ ဒသမ ၁၄ သန်းရှိပြီး ရာခိုင်နှုန်းအားဖြင့် ၅၄ ရာခိုင်နှုန်းကျော်ရှိကြောင်း၊ ပြည်သူများအနေဖြင့် ရွေးကောက်ပွဲကျင်းပချိန်တွင် စိတ်ပါဝင်စားစွာ ဆောင်ရွက်ခဲ့ကြသည်ကိုကြည့်ခြင်းအားဖြင့် ပြည်သူများအနေဖြင့် ဒီမိုကရေစီလမ်းကြောင်းပေါ်တွင်လျှောက်လှမ်းလိုခြင်းနှင့် နိုင်ငံတော်အစိုးရ၏ လုပ်ဆောင်ချက်အပေါ် ယုံကြည်မှုရှိခြင်းတို့ကို တွေ့ရကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့်လည်း ပြည်သူများ၏ဆန္ဒကို လေးစားရမည်ဖြစ်ပြီး ပြည်သူများ၏ လိုလားချက်များအတိုင်း မှန်မှန်ကန်ကန်ဖြင့် ဆောင်ရွက်သွားရန်လိုကြောင်း။

မိမိတို့အနေဖြင့် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုများဖြစ်ပွားခဲ့ခြင်းကြောင့် နိုင်ငံတော်တာဝန်များကို ထမ်းဆောင်ခဲ့ရခြင်းဖြစ်ကြောင်း၊ မဲမသမာမှုရလဒ်များဖြင့် ထွက်ပေါ်လာသည့် ရွေးကောက်ခံကိုယ်စားလှယ်များဖြင့် အစိုးရဖွဲ့ပြီး နိုင်ငံတော်၏အာဏာကို အဓမ္မနည်းလမ်းဖြင့် ရယူရန်ကြိုးပမ်းလာခြင်းကြောင့် တပ်မတော်အနေဖြင့် နိုင်ငံတော်ကို ထိန်းသိမ်းဆောင်ရွက်ခဲ့ရခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်အာဏာအတွက် ဆောင်ရွက်ခဲ့ခြင်းမဟုတ်ဘဲ ပါတီစုံဒီမိုကရေစီစနစ်ကို ကာကွယ်စောင့်ရှောက်ရမည့်တာဝန်အရ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ တပ်မတော်အနေဖြင့် ခေတ်အဆက်ဆက်တွင် နိုင်ငံတော်၏အကျိုးကို ထမ်းဆောင်ခဲ့ပြီး တိုင်းပြည်ကို တစ်ဆင့်ပြီးတစ်ဆင့် တိုးတက်စေရေး (Evolution ပုံစံ) ကြိုးပမ်း ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတော်တာဝန်ကို စတင်ထမ်းဆောင်သည့် ၂၀၂၁ ခုနှစ်မှစတင်၍ ရှိသားသည့် နိုင်ငံရေးစနစ်ဖြင့် ဒီမိုကရေစီလမ်းကြောင်းပေါ်တွင် မှန်မှန်ကန်ကန်ဖြစ်စေရေး ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း။

နိုင်ငံတော်တာဝန် စတင်ထမ်းဆောင်ချိန်မှစ၍ ရှေ့လုပ်ငန်းစဉ်များချမှတ် ဆောင်ရွက်ရာတွင် ရွေးကောက်ပွဲဆိုင်ရာများ ဆောင်ရွက်ပြီးချိန်၌ နိုင်ငံတော်တာဝန်များကိုပြန်လည်လွှဲပြောင်းပေးမည့် အချက်ပါဝင်ကြောင်း၊ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းကိုလည်း ဥပဒေနှင့်အညီ ခွင့်ပြုပေးခဲ့ကြောင်း၊ စည်းကမ်းဥပဒေများနှင့် မညီညွတ်သည့်ပါတီများကို မှတ်ပုံတင်ခွင့်မပြုခြင်းနှင့် ပယ်ဖျက်ခြင်းများကိုလည်း ဆောင်ရွက်ခဲ့ကြောင်း၊ ပါတီဖွဲ့ခြင်းသည် နိုင်ငံရေးစင်မြင့်တွင် ပြည်သူ့ကိုယ်စားပြုအဖြစ် ဆောင်ရွက်ခြင်းဖြစ်သည့်အတွက် နိုင်ငံကိုထိခိုက်အောင် လုပ်ဆောင်ပြောဆိုမှုများဖြစ်လာပါက ထိန်းသိမ်းရခက်ခဲကြောင်း၊ ထို့ကြောင့် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေကို စနစ်တကျပြဋ္ဌာန်း ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း။

**နိုင်ငံရေးပါတီများမှတ်ပုံတင်ခွင့်ကို ၂၀၂၃ ခုနှစ်တွင် စတင်ခွင့်ပြုဆောင်ရွက်ပေးခဲ့ပြီး ပါတီဝင်များ တိုးပွားရေးအတွက်လည်း ပါတီဝင်စည်းရုံးရေး လုပ်ငန်းများကို ခွင့်ပြုပေးထားခဲ့ကြောင်း၊ ပါတီဝင်များရအောင် စည်းရုံးခြင်းသည် ပြည်သူလူထုကို စည်းရုံးခြင်းပင်ဖြစ်ပြီး ပြည်သူကိုတစ်စိတ်တစ်ပိုင်း စည်းရုံးခွင့်ရခြင်းပင်ဖြစ်ကြောင်း၊** ပါတီဝင်အင်အားများလာပါက ထောက်ခံသူများပြားလာမည်ဖြစ်ပြီး ပါတီဝင်များစုဆောင်းခွင့်နှင့် မဲဆွယ်စည်းရုံးခြင်း လုပ်ငန်းစဉ်များကိုလည်း နည်းလမ်းတကျခွင့်ပြုပေးထားခဲ့ကြောင်း၊ သို့သော်လည်း အချို့ပါတီများအနေဖြင့် ပေးထားသည့်အခွင့်အလမ်းများကို ထိရောက်စွာ အသုံးချနိုင်မှုမရှိခဲ့သည်ကိုတွေ့ရပြီး မြို့ကြီးအချို့၌သာ ရုံးဖွင့်၍ ဆောင်ရွက်ခဲ့ကြသည်ကို တွေ့မြင်ရကြောင်း၊ ရွေးကောက်ပွဲတွင် မဲပေးပိုင်ခွင့်ရှိသူ ၂၄ သန်းအနက် ၁၃ ဒသမ ၁၃ သန်း လာရောက်မဲပေးခဲ့ကြပြီး ရာခိုင်နှုန်းအားဖြင့် ၅၄ ဒသမ ၂၂ ရာခိုင်နှုန်း ပေးခဲ့ကြသည်ကို တွေ့မြင်ရကြောင်း၊ ပါတီပေါင်း ၅၇ ပါတီ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံးတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်မှာ ၆ ပါတီရှိခဲ့ကြောင်း၊ မဲစာရင်းရလဒ်များအရ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီအနေဖြင့် ၄၄ ဒသမ ၁၉ ရာခိုင်နှုန်း၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီအနေဖြင့် ၁၃ ဒသမ ၃၄ ရာခိုင်နှုန်း၊ ပြည်သူ့ပါတီ ၈ ဒသမ ၈၅ ရာခိုင်နှုန်း၊ ပြည်သူ့ရှေ့ဆောင်ပါတီအနေဖြင့် ၇ ဒသမ ၆၅ ရာခိုင်နှုန်း၊ ရှမ်းနှင့် တိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီအနေဖြင့် ၆ ဒသမ ၁၇ ရာခိုင်နှုန်းရရှိခဲ့သည်ကို တွေ့ရှိရကြောင်း၊ ပြည်သူများနှင့်ထိတွေ့မှုများပြားသည့် ပါတီများအနေဖြင့် ပြည်သူများ၏ထောက်ခံမှုကို ရရှိခဲ့ခြင်းဖြစ်ကြောင်း၊ လွတ်လပ်ပြီးတရားမျှတသည့် ရွေးကောက်ပွဲတစ်ခုကို မိမိတို့အနေဖြင့် ဖော်ဆောင်ပေးနိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ မဲပေးရာတွင်လည်း မဲမသမာမှုဆောင်ရွက်၍မရနိုင်သည့် မြန်မာ့အီလက်ထရောနစ်မဲပေးစနစ် (MEVM) စက်များဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး သမာသမတ်ကျသည့် ရွေးကောက်ပွဲအဖြစ် ဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ ကြိုတင်မဲများနှင့်ပတ်သက်၍လည်း တိကျစွာဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး မဲဆန္ဒရှင်များ၏စာရင်းကို စနစ်တကျ စိစစ်ကောက်ခံဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ကြိုတင်မဲပေးရာတွင် ၁ သိန်း ၄ သောင်းကျော်ခန့် ပယ်မဲဖြစ်ပေါ်ခဲ့ကြောင်း၊ ခိုင်လုံသည့်အကြောင်းပြချက်ဖြင့် လျှောက်ထားသည့်သူများအား ကြိုတင်မဲများခွင့်ပြုပေးခဲ့ခြင်းဖြစ်ကြောင်း၊ ကြိုတင်မဲပေးရာတွင်လည်း စနစ်တကျဖြင့် ဆန္ဒမဲပေးရန် ဆောင်ရွက်ခဲ့ခြင်းဖြစ်သဖြင့် မဲမသမာမှုမဖြစ်နိုင်ကြောင်း၊ ရွေးကောက်ပွဲတွင် လာရောက်ဆန္ဒမဲမပေးကြသူများအနေဖြင့် မိမိတို့ထောက်ခံလိုသူများမပါသဖြင့် မဲမပေးခြင်း၊ ဒေသလုံခြုံရေးအရ မဲမပေးခြင်း၊ မိမိတို့၏ မဲပေးပိုင်ခွင့်ရှိမှုကို မသိရှိခြင်း၊ ခြိမ်းခြောက် အကျပ်ကိုင်မှုများ၊ သွေးထိုးလှုံ့ဆော်မှုများကြောင့် မဲပေးရန် မလာရောက်နိုင်ခြင်းများ လည်းရှိကြောင်း။

☆ **နိုင်ငံရေးပါတီများမှတ်ပုံတင်ခွင့်ကို ၂၀၂၃ ခုနှစ်တွင် စတင်ခွင့်ပြုဆောင်ရွက်ပေးခဲ့ပြီး ပါတီဝင်များတိုးပွားရေးအတွက်လည်း ပါတီဝင်စည်းရုံးရေးလုပ်ငန်းများကို ခွင့်ပြုပေးထားခဲ့ကြောင်း၊ ပါတီဝင်များရအောင်စည်းရုံးခြင်းသည် ပြည်သူလူထုကိုစည်းရုံးခြင်းပင်ဖြစ်ပြီး ပြည်သူကိုတစ်စိတ်တစ်ပိုင်းစည်းရုံးခွင့်ရခြင်းပင်ဖြစ်**

☆ **နိုင်ငံအပေါ်အစွဲပြု၍ နိုင်ငံသားတိုင်း မှန်မှန်ကန်ကန်ဖြင့် တိုင်းချစ်ပြည်ချစ်စိတ်များရှိရန်လို**

စာမျက်နှာ ၅ သို့ ☆

☆ စာမျက်နှာ ၄ မှ

### နိုင်ငံသားတိုင်း တိုင်းချစ်ပြည်ချစ်စိတ်များ မြင့်မားစေရေးနှင့် နိုင်ငံ့ဝန်ထမ်းများအနေဖြင့် နိုင်ငံရေးနှင့် နိုင်ငံ့အရေးကို ကွဲပြားစွာဖြင့် တာဝန်ထမ်းဆောင်ရေး

နိုင်ငံ့အရေးနှင့်ပတ်သက်၍ မိမိတို့နိုင်ငံ၏ ဖြတ်သန်းခဲ့သည့်သမိုင်းကြောင်းအရ နိုင်ငံသား အားလုံး တိုင်းချစ်ပြည်ချစ်စိတ်ရှိရန် လိုအပ်ကြောင်း၊ မိမိတို့နိုင်ငံ၏ သမိုင်းကြောင်းအရ နိုင်ငံသူနိုင်ငံသား များအနေဖြင့် လူပုဂ္ဂိုလ်စွဲရှိကြသည်ကိုလည်း တွေ့ရ ကြောင်း၊ လူပုဂ္ဂိုလ်ကို အစွဲပြု၍ တိုင်းချစ်ပြည်ချစ် စိတ်ရှိခြင်းထက် **နိုင်ငံအပေါ်အစွဲပြု၍ နိုင်ငံသားတိုင်း မှန်မှန်ကန်ကန်ဖြင့် တိုင်းချစ်ပြည်ချစ်စိတ်များရှိရန်** လိုကြောင်း၊ တိုင်းချစ်ပြည်ချစ်စိတ်တွင် နိုင်ငံသားနှင့် ပတ်သက်သည့် တိုင်းချစ်ပြည်ချစ်စိတ်နှင့် နိုင်ငံ့ဝန်ထမ်း များနှင့် ပတ်သက်သည့် တိုင်းချစ်ပြည်ချစ်စိတ်ဟူ၍ ခွဲခြားနိုင်ကြောင်း၊ နိုင်ငံသားတိုင်းအနေဖြင့် နိုင်ငံတော်၏ဖြစ်တည်မှု ပထဝီဝင်အနေအထားများ နှင့် အမျိုးသားရေးစရိုက်လက္ခဏာများ၊ နိုင်ငံတော်နှင့် သက်ဆိုင်သည့် အမျိုးသားရေးလက္ခဏာများ၊ အထိမ်းအမှတ်တံဆိပ်များ၊ နိုင်ငံတော်အလံ၊ နိုင်ငံတော်သီချင်းတို့အပါအဝင် အထွတ်အမြတ်ထား ရမည်များကို လေးစားတန်ဖိုးထားချစ်မြတ်နိုးကြ ရန်လိုကြောင်း၊ ဆိုရှယ်မီဒီယာပလက်ဖောင်းများ တွင် ဖော်ပြချက်များအရ အချို့ရုပ်ရှင်ရုံများ၌ နိုင်ငံတော် အလံကိုပင် အလေးမပြုကြသူများနှင့် နိုင်ငံတော် သီချင်းသီဆိုခြင်း မရှိကြသူများပင် ရှိကြသည်ဟု စိတ်မကောင်းဖြစ်ဖွယ် သိရှိရကြောင်း၊ ထိုသို့အပြုအမူ များကိုကြည့်ခြင်းအားဖြင့် နိုင်ငံသားများအနေဖြင့် တိုင်းချစ်ပြည်ချစ်စိတ်အားနည်းနေသည်ကို တွေ့ရ ကြောင်း၊ နိုင်ငံတော်အလံနှင့် နိုင်ငံတော်သီချင်းကို နိုင်ငံသားများအားလုံးအနေဖြင့် အလေးအနက်နှင့် အလေးအမြတ်ထားရန်လိုသကဲ့သို့ တိုင်းချစ်ပြည်ချစ် စိတ်များရှိရန်လိုကြောင်း။

နိုင်ငံ့ဝန်ထမ်းများအနေဖြင့်လည်း တိုင်းချစ် ပြည်ချစ်စိတ်များရှိရန်လိုကြောင်း၊ ဖြတ်သန်းခဲ့သည့် သမိုင်းကြောင်းများအရ နိုင်ငံ့ဝန်ထမ်းအချို့အနေဖြင့် စီးပွားရေး၊ နိုင်ငံရေးတို့နှင့်ပတ်သက်၍ မသမာမှုများ ဆောင်ရွက်ခဲ့ကြသည်ကိုလည်း တွေ့ရကြောင်း၊ ထိုသို့ဖြစ်ပေါ်ရခြင်းမှာ တိုင်းချစ်ပြည်ချစ်စိတ်များ အားနည်းခြင်းကြောင့်ဖြစ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်း အများစုသည် အနည်းဆုံးတက္ကသိုလ်ဝင်တန်းနှင့် အထက်ပညာအရည်အချင်းရှိကြသူများ ဖြစ်ကြောင်း၊ နိုင်ငံတော်တွင်ဖြစ်ပေါ်ခဲ့သည့် ပဋိပက္ခများ၊ အရေး အခင်းများကို ပြန်ကြည့်မည်ဆိုပါက နိုင်ငံ့ဝန်ထမ်း များအနေဖြင့် ပါဝင်ခဲ့ကြသည်ကို တွေ့မြင်ရမည်ဖြစ် ကြောင်း၊ ဝန်ထမ်းများအနေဖြင့် ပါတီနိုင်ငံရေး ကင်းရှင်းရန် ဖွဲ့စည်းပုံအခြေခံဥပဒေ၌ ပြဋ္ဌာန်းထားပြီး ဖြစ်ကြောင်း၊ ၎င်းတို့အနေဖြင့် လူပုဂ္ဂိုလ်နှင့် အဖွဲ့ အစည်းများအပေါ် မှီခိုသည့်သဘောကို တွေ့ရှိရ ကြောင်း၊ နိုင်ငံ့ခေါင်းဆောင်များ၊ နိုင်ငံရေးပါတီများ အပေါ် အစွဲပြု၍ လုပ်ဆောင်ကြသည်ကိုတွေ့ရကြောင်း၊ ပုဂ္ဂိုလ်စွဲ၊ ပါတီစွဲ၊ အဖွဲ့အစည်းစွဲများနှင့် နိုင်ငံ့ဝန်ထမ်း ဆောင်ရွက်မည်ဆိုပါက Good Governance၊ Good Government မဖြစ်နိုင်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းများ အနေဖြင့် ပါတီနိုင်ငံရေးကင်းရှင်းရမည်ဖြစ်ပြီး နိုင်ငံ ရေးနှင့် နိုင်ငံ့အရေးကို ခွဲခြားစွာသိမြင်ကာ နိုင်ငံတော် ၏တာဝန်များကို ထမ်းဆောင်ရမည်ဖြစ်ကြောင်း၊ သို့သော်လည်း အချို့သောသစ္စာမဲ့နိုင်ငံ့ဝန်ထမ်းများ အနေဖြင့် လူပုဂ္ဂိုလ်စွဲ၊ ပါတီစွဲ၊ ဂိုဏ်းဂဏစွဲများဖြင့် လုပ်ငန်းခွင်စွန့်ခွာမှုများကို လုပ်ဆောင်ခဲ့ကြကြောင်း၊ ၂၀၂၁ ခုနှစ် စတင်တာဝန်ထမ်းဆောင်ခဲ့ရချိန်တွင် ပညာရေး၊ ကျန်းမာရေးဝန်ထမ်းအများစု လုပ်ငန်းခွင် စွန့်ခွာမှုများ လုပ်ဆောင်ခဲ့ကြသည့် အခက်အခဲ၊ နိုင်ငံရေးအရဖြစ်ပေါ်လာသည့် ပဋိပက္ခများနှင့် ကိုဗစ်-၁၉ ရောဂါအပါအဝင် သဘာဝဘေးကြုံတွေ့ ရမှုအကျပ်အတည်းများကြားမှ မိမိတို့အနေဖြင့် လက်ရှိအခြေအနေအထိ နိုင်ငံတော်ကို တည်ဆောက် ခဲ့ရခြင်းဖြစ်ကြောင်း၊ သို့ဖြစ်၍ **နိုင်ငံသားများနှင့် နိုင်ငံ့ဝန်ထမ်းများ၏ တိုင်းချစ်ပြည်ချစ်စိတ်များကို တည်ဆောက်ပေးရန်လိုကြောင်း။**




နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်မှ နည်းပြအရာရှိကြီးများနှင့် သင်တန်းသားအရာရှိကြီးများအား Video Conferencing ဖြင့် အမှာစကားပြောကြားစဉ်။

### ပညာရေးပြုပြင်ပြောင်းလဲမှုကို မဖြစ်မနေ ဆောင်ရွက်သွားရမည်

မိမိတို့နိုင်ငံအနေဖြင့် နိုင်ငံရေး၊ စီးပွားရေး၊ ပညာ ရေးကဏ္ဍများတွင် နိမ့်ပါးခဲ့ကြောင်း၊ နိုင်ငံတိုးတက် ရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး အတွက် နိုင်ငံသားများ၏ ပညာရေးကဏ္ဍမြင့်မားနေ ရန်လိုကြောင်း၊ "အမျိုးသားစည်းကမ်းအစ စာသင် ကျောင်းက"ဆိုသည့် ဆောင်ပုဒ်အတိုင်း အတန်း ပညာရှိမှသာ စည်းကမ်းကောင်းမွန်သည့် နိုင်ငံသား များ များပြားလာမည်ဖြစ်ပြီး နိုင်ငံတိုးတက်ရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း၊ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင် စာရင်းတွင် နိုင်ငံတော်၏ အခြေအနေများကို အသေး စိတ်ဖော်ပြထားသည်ကို တွေ့မြင်ရမည်ဖြစ်ပြီး ပညာရေးကဏ္ဍကို များစွာအဆင့်မြှင့်တင်ရန်လိုအပ် နေသည်ကို တွေ့မြင်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်၏ ပညာရည်မြင့်မားရေးအတွက် KG+9 အထိ မသင်မနေရစနစ်ဖြင့် ဆောင်ရွက်လျက် ရှိကြောင်း၊ ပညာရေးကဏ္ဍ ပြုပြင်ပြောင်းလဲမှုများ ကို ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံ့လူဦးရေ၏ အများစုသည် မိမိတို့ကိုယ်ကို ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်နိုင်မှုမရှိသည့်အတွက် ဆင်းရဲမွဲတေမှု လည်း များပြားကြောင်း၊ ဆင်းရဲမွဲတေမှုများရှိနေ သမျှကာလပတ်လုံး ပုဂ္ဂိုလ်ရေးခံစားချက်များရှိပြီး မနာလိုခြင်း၊ မကျေနပ်ခြင်းများ ဖြစ်ပေါ်နိုင်ကြောင်း၊ မိမိတို့နိုင်ငံ၏ သမိုင်းကြောင်းတွင် ဖြစ်ပေါ်ခဲ့သည့် နိုင်ငံမတည်ငြိမ်မှုဖြစ်စဉ်များသည် ပညာရေးဆိုင်ရာ အားနည်းချက်ကြောင့်ဖြစ်သည်ကို တွေ့ရကြောင်း။

ထို့ကြောင့် ပညာရေးကဏ္ဍမြှင့်တင်ရေးကို မဖြစ်မနေဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အခြေခံ ပညာကျောင်းများမှစတင်၍ နိုင်ငံတော်အလံအလေး ပြုခြင်းများကို နေ့စဉ်ဆောင်ရွက်ရခြင်းအားဖြင့် နိုင်ငံချစ်စိတ်များဖြစ်ပေါ်လာမည်ဖြစ်ကြောင်း၊ ထိုသို့ မဆောင်ရွက်ရသူများအနေဖြင့် နိုင်ငံချစ်စိတ်များ တစ်စတစ်စ လျော့နည်းလာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ကျောင်းနေအရွယ်ကလေးငယ်များ အားလုံး ကျောင်းနေစေရေး နိုင်ငံသားအားလုံး ဝိုင်းဝန်းဆောင်ရွက်သွားကြရန်လိုကြောင်း။

မိမိတို့နိုင်ငံတွင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်း များ၊ ကုန်ထုတ်လုပ်ငန်းများကို ဆောင်ရွက်ရာတွင် မိရိုးဖလာလုပ်ငန်းစဉ်များဖြင့်သာ ဆောင်ရွက်နေကြ သည်ကို တွေ့ရှိရကြောင်း၊ **နိုင်ငံသားအားလုံး စဉ်းစားတွေးခေါ်နိုင်စွမ်းများ မြင့်မားလာစေရေး အတန်းပညာ၊ အတတ်ပညာ၊ အသိပညာများ မြင့်မား လာအောင်ဆောင်ရွက်ရမည်ဖြစ်**ကြောင်း၊ အတန်း ပညာ တက်ရောက်ရန် မဖြစ်နိုင်တော့သည့် အရွယ် လွန်သည့် ပြည်သူများအား စာကြည့်တိုက်များ ဖွင့်လှစ်၍ ကျောင်းပြင်ပ ပညာရေးဖြင့် အသိပညာများ မြင့်မားလာအောင် ဆောင်ရွက်ပေးကြရန်လိုကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင်လည်း စာအုပ်စာပေများ ထုတ်ဝေရာ ရေးသားခြင်းနှင့် သတင်းစာ၊ ဂျာနယ်များ ၌ ဆောင်းပါးများရေးသားရာတွင်လည်း အများပြည်သူ နားလည်နိုင်သည့် အသုံးအနှုန်းများကို အသုံးပြု၍ ရေးသားကြရန်လိုကြောင်း၊ စာဖတ်သူများ နားလည် သိရှိမှသာ ၎င်းတို့အတွက် အကျိုးရှိမည့် အသိပညာ များကို ရရှိစေမည်ဖြစ်ကြောင်း၊ တိုင်းပြည်တိုးတက် မှုရှိအောင် ဆောင်ရွက်ကြရန်လိုကြောင်း။

### နိုင်ငံ့ဝန်ထမ်းများ စနစ်တကျဖြင့် တာဝန်ထမ်းဆောင်နိုင်ရေး

နိုင်ငံ့ဝန်ထမ်းများနှင့်ပတ်သက်၍ လမ်းစဉ်ပါတီ ခေတ်မှစတင်၍ ဖောင်ကြီး ဗဟိုဝန်ထမ်းတက္ကသိုလ် ကို ဖွင့်လှစ်ခဲ့ကြောင်း၊ နိုင်ငံ့ဝန်ထမ်းများကို သင်တန်း များဖွင့်လှစ်ပေးခြင်းသည် နိုင်ငံတော်၏ အခြေအနေ များကို သိရှိစေရန်အတွက် သင်ကြားပေးခြင်း ဖြစ်ကြောင်း၊ သက်ဆိုင်ရာအဆင့်နှင့်သင့်လျော်သည့် သင်တန်းများကို သင်ကြားပေးခြင်းဖြစ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ရုံးလုပ်ငန်းများကို စနစ် တကျ ဆောင်ရွက်နိုင်ရေးနှင့် တိုင်းချစ်ပြည်ချစ်စိတ် များ ပေါက်ဖွားလာစေရေး ဆောင်ရွက်ပေးကြရမည် ဖြစ်ကြောင်း၊ ဝန်ကြီးဌာနများအလိုက် ဖွင့်လှစ်သင်ကြား ပေးသည့် သင်တန်းများ၌လည်း စနစ်တကျဖြင့် သင်ကြားပေးကြရန်လိုကြောင်း၊ သို့မှသာ စည်းကမ်း ကောင်းမွန်သည့်ဝန်ထမ်းများ၊ တိုင်းချစ်ပြည်ချစ်စိတ် ရှိသည့်ဝန်ထမ်းများ များပြားလာမည်ဖြစ်ကြောင်း၊ ရုံးလုပ်ငန်းစနစ်များအားလုံး တူညီနေရန်လည်း လိုကြောင်း၊ ထို့ကြောင့် စနစ်တကျဖြင့် ဆောင်ရွက် ကြရန်လိုကြောင်း၊ ရုံးချိန်အတွင်း ရုံးအလုပ်များ စနစ်တကျ လုပ်ဆောင်နေရန်လိုကြောင်း၊ အချိန်ကို အလေးထားဆောင်ရွက်မှသာ လုပ်ငန်းအောင်မြင်မှု များရှိမည်ဖြစ်ကြောင်း၊ လုပ်ငန်းတာဝန်ထမ်းဆောင်မှု နှင့်ပတ်သက်၍ မိမိတို့တစ်ဦးတစ်ယောက်ချင်းစီ အလိုက် ပေးအပ်ထားသည့် လုပ်ငန်းရပ်များကို ပိုင်နိုင် ကျွမ်းကျင်စွာနှင့် အောင်မြင်အောင် ဆောင်ရွက်သွား နိုင်ရန်လိုကြောင်း၊ ယခု နိုင်ငံတော်ကာကွယ်ရေး တက္ကသိုလ်တွင် နိုင်ငံ့ဝန်ထမ်းအကြီးအကဲများနှင့် တပ်မတော်သားအရာရှိကြီးများ ပါဝင်ကြပြီး သင်တန်း ပြီးဆုံး၍ လုပ်ငန်းခွင်သို့ပြန်လည်ရောက်ရှိပါက မိမိတို့ လက်အောက်ရှိ နိုင်ငံ့ဝန်ထမ်းများ စနစ်တကျဖြစ်စေ ရေး ကြပ်မတ်ဆောင်ရွက်သွားကြရန်လိုကြောင်း။

> ☆ **နိုင်ငံသားအားလုံး စဉ်းစားတွေးခေါ်နိုင်စွမ်းများ မြင့်မားလာစေရေး အတန်းပညာ၊ အတတ်ပညာ၊ အသိပညာများ မြင့်မားလာအောင်ဆောင်ရွက်ရမည်**
>
> ☆ **ကုန်ထုတ်လုပ်မှုများ တိုးတက်လာမှသာ ပြည်ပပို့ကုန်နှင့် ပြည်တွင်းရောင်းကုန်များ မြှင့်တင်နိုင်ပြီး နိုင်ငံခြားဝင်ငွေများ ရရှိလာမည်ဖြစ်ကြောင်း၊ သို့မှသာ နိုင်ငံခြားငွေကြေးဈေးကွက်ကို ထိန်းနိုင်မည်**

ဝန်ထမ်းများအနေဖြင့် မိမိဝင်ငွေနှင့်ထွက်ငွေ ညီမျှအောင် သုံးစွဲဆောင်ရွက်တတ်ရန်လိုကြောင်း၊ လိုအပ်သည်ထက်ပိုမို၍ ငွေကြေးများရရှိအောင် ဆောင်ရွက်မှုများရှိခြင်းကြောင့် အချို့ဝန်ထမ်းများကို အရေးယူဆောင်ရွက်ခဲ့ရခြင်းများလည်း ရှိကြောင်း၊ နိုင်ငံ့ဝန်ထမ်းများ နေထိုင်စားသောက်မှုအဆင်ပြေစေ ရေး မိမိတို့အစိုးရအနေဖြင့် တတ်နိုင်သမျှ ဖြည့်ဆည်း ဆောင်ရွက်ပေးထားကြောင်း၊ ယခုအစိုးရလက်ထက် တွင် ခံစားခွင့်များကို မူရင်းလစာနီးပါးပင် အကြိမ်ကြိမ် တိုးမြှင့်ပေးခဲ့ကြောင်း၊ နိုင်ငံ၏ စီးပွားရေးကဏ္ဍ ဖွံ့ဖြိုး တိုးတက်မှသာ ဝန်ထမ်းများ၏ ခံစားမှုများကို ပိုမို မြှင့်တင်ဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း။

### စိုက်ပျိုးမွေးမြူရေးကို အခြေခံ၍ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး

မိမိတို့နိုင်ငံသည် စိုက်ပျိုးမွေးမြူရေးကို အခြေခံ သည့် စီးပွားရေးကို အဓိကထားဆောင်ရွက်နေသည့် နိုင်ငံဖြစ်သဖြင့် အဆိုပါစိုက်ပျိုးမွေးမြူရေးလုပ်ငန်း များမှ ဝင်ငွေများရရှိအောင် ဆောင်ရွက်နိုင်မှသာ နိုင်ငံ၏ GDP များ တိုးတက်လာပြီး နိုင်ငံ့ဝန်ထမ်း များအတွက် ပိုမိုဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မည် ဖြစ်ကြောင်း၊ နိုင်ငံ့ဝင်ငွေများ တိုးတက်လာမှသာ နိုင်ငံ့ဝန်ထမ်းများအတွက် လစာစရိတ်များတိုးမြှင့် ပေးနိုင်မည်ဖြစ်ကြောင်း၊ ကဏ္ဍအလိုက် တစ်ခုနှင့် တစ်ခု ချိတ်ဆက်နေခြင်းဖြစ်သဖြင့် အားလုံးက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန်လိုကြောင်း။

နိုင်ငံ့စီးပွားတိုးတက်ရေးအတွက် လုပ်ငန်းများ ဆောင်ရွက်ရာတွင် စနစ်တကျဖြင့် ဆောင်ရွက်နိုင်ရန် လိုကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် မိရိုးဖလာလုပ်ငန်းများဖြင့် ဆောင်ရွက်ခြင်းထက် ခေတ်မီသည့်နည်းပညာများ ဖြင့် အသုံးပြု၍ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးတက်အောင် ဆောင်ရွက်ပေးရန်လိုကြောင်း၊ စီမံခန့်ခွဲမှုများကိုလည်း စနစ်တကျဆောင်ရွက်နိုင် ရန်လိုကြောင်း၊ သုတေသနလုပ်ငန်းများ ဆောင်ရွက် ၍လည်း ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရန်လို ကြောင်း၊ နိုင်ငံတကာ၏ ဈေးကွက်လိုအပ်ချက်အပေါ် မူတည်၍ စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်ရန်လိုကြောင်း၊ မိမိတို့နိုင်ငံတွင် စိုက်ပျိုး သည့်စပါးမှာ ညှော်မထဆန်ကို အဓိကထားစိုက်ပျိုးကြ ကြောင်း၊ အရည်အသွေးပြည့်မီသည့်စပါးများ စိုက်ပျိုး ထုတ်လုပ်နိုင်ရေး သက်ဆိုင်ရာဝန်ကြီးဌာနများအနေ ဖြင့် သုတေသနပြုဆောင်ရွက်ကြရန်လိုကြောင်း၊ ကမ္ဘာ့လူဦးရေမှာ ယခုအခါ ၈ ဘီလီယံကျော်ရှိလာပြီ ဖြစ်ပြီး စားနပ်ရိက္ခာလိုအပ်ချက်များ တိုးမြင့်လာနိုင် ကြောင်း၊ ထိုသို့လိုအပ်သည့် စားနပ်ရိက္ခာများကို ဖြည့်ဆည်းပေးနိုင်ရေး မိမိတို့နိုင်ငံတွင် စိုက်ပျိုး မွေးမြူရေးကုန်ထုတ်လုပ်ငန်းများကို တတ်ကျွမ်း သည့် ပညာတတ်လူသားအရင်းအမြစ်များ မွေးထုတ် ပေးနိုင်ရေး စက်မှု၊ စိုက်ပျိုးမွေးမြူရေး အခြေခံပညာ သင်တန်းကျောင်းများကို ဖွင့်လှစ်သင်ကြားပေးနေ ခြင်းဖြစ်ကြောင်း၊ အလားတူ အခြေခံပညာအလယ် တန်းအဆင့်တွင်လည်း စိုက်ပျိုး၊ မွေးမြူရေး အခြေခံ ပညာရပ်များကို သင်ကြားပေးရန် စီမံဆောင်ရွက် လျက်ရှိကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးတက်စေရေး ဝန်ကြီးဌာနများအလိုက် ဝိုင်းဝန်း ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း။

စာမျက်နှာ ၆ သို့ ☆

# ပြည်ထောင်စုအတိုင်ပင်ခံကောင်စီဥပဒေပြဋ္ဌာန်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ**
**ပြည်ထောင်စုအတိုင်ပင်ခံကောင်စီဥပဒေ**

(အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီဥပဒေ အမှတ် ၃/၂၀၂၆)
၁၃၈၇ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၂ ရက်
(၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၃ ရက်)

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇ အရ ပြည်ထောင်စုလွှတ်တော်၏ ဥပဒေပြုခွင့်အာဏာကို ကျင့်သုံးလျက် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း(၁)**
**အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤဥပဒေကို **ပြည်ထောင်စုအတိုင်ပင်ခံကောင်စီဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည်-
(က) **နိုင်ငံတော်** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ဆိုသည်။
(ခ) **ကောင်စီ** ဆိုသည်မှာ ဤဥပဒေအရဖွဲ့စည်းသည့် ပြည်ထောင်စုအတိုင်ပင်ခံ ကောင်စီကိုဆိုသည်။

**အခန်း(၂)**
**ရည်ရွယ်ချက်များ**

၃။ (က) စစ်မှန်၍ စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေး၊
(ခ) ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး၊
(ဂ) တိုင်းပြည်သာယာဝပြောရေး၊
(ဃ) စားရေရိက္ခာပေါများရေး။

**အခန်း(၃)**
**တာဝန်ပေးအပ်ခြင်း**

၄။ ပြည်ထောင်စုလွှတ်တော်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေက အာဏာခွဲဝေအပ်နှင်းထားသည့် အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာတို့ကို မထိခိုက်စေဘဲ ဤဥပဒေ၏ရည်ရွယ်ချက်များနှင့်အညီ ပြည်ထောင်စု၏ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာ ကိစ္စရပ်များ၊ နိုင်ငံတကာဆက်ဆံရေးဆိုင်ရာကိစ္စရပ်များ၊ ငြိမ်းချမ်းရေးဆိုင်ရာ ကိစ္စရပ်များ၊ ဥပဒေပြဋ္ဌာန်းရေးဆိုင်ရာကိစ္စရပ်များကို အကြံပေးခြင်း၊ ညှိနှိုင်းဆောင်ရွက်ခြင်းတို့ ပြုနိုင်ရန်အတွက် ကောင်စီကိုဖွဲ့စည်းရန် နိုင်ငံတော်သမ္မတအား အခွင့်အာဏာအပ်နှင်းသည်။

၅။ နိုင်ငံတော်သမ္မတသည် သင့်လျော်သည့်ပုဂ္ဂိုလ်များဖြင့် ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးအပါအဝင် အဖွဲ့ဝင် ၅ ဦးထက်မနည်း ပါဝင်၍ ကောင်စီကို ဖွဲ့စည်းရမည်။

၆။ နိုင်ငံတော်သမ္မတသည် ကောင်စီကို ဖွဲ့စည်းသည့်အခါ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးကို သတ်မှတ်ပေးရမည်။

၇။ နိုင်ငံတော်သမ္မတသည် ပုဒ်မ ၄ ပါ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ကောင်စီ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို သတ်မှတ်ပေးရမည်။

**အခန်း(၄)**
**အထွေထွေ**

၈။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ကောင်စီဝင်များ၏ လစဉ်ချီးမြှင့်ငွေ၊ စရိတ်၊ အဆောင်အယောင်နှင့် ခံစားခွင့်များကို သတ်မှတ်ပေးရမည်။

၉။ ကောင်စီ၏ သက်တမ်းသည် နိုင်ငံတော်သမ္မတ၏ သက်တမ်းအတိုင်းဖြစ်သည်။

၁၀။ ကောင်စီ၏ ရုံးလုပ်ငန်းများအတွက် နိုင်ငံတော်သမ္မတရုံးက စီစဉ်ဆောင်ရွက်ပေးရမည်။

၁၁။ နိုင်ငံတော်သမ္မတရုံးသည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် အတွက် လိုအပ်သည့် နည်းဥပဒေ၊ အမိန့်၊ အမိန့်ကြော်ငြာစာနှင့် ညွှန်ကြားချက်တို့ကို ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇ အရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ယာယီသမ္မတ

# နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်မှုနှင့် ပုဂ္ဂိုလ်ဆိုင်ရာလုံခြုံမှုကို ကာကွယ်ပေးရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ**
**နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်မှုနှင့် ပုဂ္ဂိုလ်ဆိုင်ရာလုံခြုံမှုကို**
**ကာကွယ်ပေးရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ**

(အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီဥပဒေ အမှတ် ၄/၂၀၂၆)
၁၃၈၇ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၂ ရက်
(၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၃ ရက်)

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်မှုနှင့် ပုဂ္ဂိုလ်ဆိုင်ရာလုံခြုံမှုကို ကာကွယ်ပေးရေး ဥပဒေကို ပြင်ဆင်သည့်ဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်မှုနှင့် ပုဂ္ဂိုလ်ဆိုင်ရာလုံခြုံမှုကို ကာကွယ်ပေးရေးဥပဒေ ပုဒ်မ ၅၊ ပုဒ်မခွဲ (ခ) ကို အောက်ပါအတိုင်း အစားထိုးရမည်-
" (ခ)။ ပုဂ္ဂိုလ်တစ်ဦးဦး၏ နေအိမ်နှင့် နေအိမ်အဖြစ်အသုံးပြုသော အခန်း၊ အဆောက်အအုံ သို့မဟုတ် ပရဝဏ်နှင့် ပရဝဏ်အတွင်းရှိ အဆောက်အအုံများအတွင်းသို့ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ဝင်ရောက်ရှာဖွေခြင်း၊ သိမ်းဆည်းခြင်း သို့မဟုတ် သူတစ်ဦးဦးအား ရှာဖွေခြင်း၊ ဖမ်းဆီးခြင်း ပြုလုပ်လိုလျှင် နိုင်ငံတော်ကာကွယ်ရေး၊ လုံခြုံရေးနှင့် အများပြည်သူအေးချမ်းသာယာရေး အတွက် အရေးကြီးလိုအပ်ချက်မှတစ်ပါး သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုရှိ အုပ်ချုပ်ရေးမှူးဖြစ်စေ၊ ကျေးရွာတာဝန်ခံ သို့မဟုတ် ရာအိမ်မှူးဖြစ်စေ၊ ဆယ်အိမ်မှူးဖြစ်စေ တစ်ဦးဦးအပါအဝင် အနည်းဆုံးသက်သေနှစ်ဦးနှင့်အတူ ဆောင်ရွက်ရမည်။"

၃။ နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်မှုနှင့် ပုဂ္ဂိုလ်ဆိုင်ရာလုံခြုံမှုကို ကာကွယ်ပေးရေးဥပဒေ ပုဒ်မ ၈ ခြေဆင်းကို အောက်ပါအတိုင်း အစားထိုးရမည်-
" ၈။ နိုင်ငံတော်ကာကွယ်ရေး၊ လုံခြုံရေးနှင့် အများပြည်သူအေးချမ်းသာယာရေး အလို့ငှာ ဥပဒေနှင့် အညီ တာဝန်အရဆောင်ရွက်ရသည့် တာဝန်နှင့်လုပ်ပိုင်ခွင့်ရှိသူမှအပ မည်သူမျှ တည်ဆဲ ဥပဒေနှင့်အညီ ခွင့်ပြုမိန့်၊ ခွင့်ပြုချက် သို့မဟုတ် ဝရမ်း တစ်စုံတစ်ရာမရှိဘဲဖြစ်စေ၊ နိုင်ငံတော် သမ္မတ သို့မဟုတ် ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်မရှိဘဲဖြစ်စေ-"

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇ အရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ယာယီသမ္မတ

---

☆ စာမျက်နှာ ၅ မှ

မွေးမြူရေးလုပ်ငန်းများနှင့်ပတ်သက်၍ လိုအပ်သည့် တိရစ္ဆာန်အစာကုန်ကြမ်းများ မိမိတို့နိုင်ငံတွင် အခြေခံအားဖြင့်လုံလောက်စွာထွက်ရှိသော်လည်း မွေးမြူရေးလုပ်ငန်းများကို စနစ်တကျဆောင်ရွက်နိုင်ခြင်းမရှိသည်ကို တွေ့ရှိရကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် စားရေးကိုအထောက်အကူပြုစေရန်အတွက် မွေးမြူရေးလုပ်ငန်းများကို အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်လိုကြောင်း၊ မွေးမြူရေးလုပ်ငန်းများ တိုးတက်စေရေး ဝိုင်းဝန်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ မွေးမြူရေးလုပ်ငန်းများကို ပိုမိုတိုးတက်အောင် ဆောင်ရွက်နိုင်ခြင်းဖြင့် ပြည်ပနိုင်ငံများသို့လည်း တင်ပို့ရောင်းချနိုင်ကြောင်း၊ သင်တန်းသားများအနေဖြင့် နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေးနှင့် ကာကွယ်ရေးအမြင် စသည့် အမြင် ၄ မြင်ဖြင့် ဆောင်ရွက်သွားမည်ဆိုပါက နိုင်ငံအတွက် များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ ပြည်တွင်း စားသုံးမှုဖူလုံအောင် မွေးမြူရေးနှင့် ပတ်သက်သည့် စားသောက်ကုန်များကို ပြည်တွင်း၌ လုံလောက်စွာ ထုတ်လုပ်နိုင်ရန် လိုကြောင်း။

စက်မှုကဏ္ဍနှင့်ပတ်သက်၍ ဥပမာတစ်ခုအနေဖြင့် မိမိတို့နိုင်ငံတွင် ဝါစိုက်ပျိုးဖြစ်ထွန်းသည့် ဒေသများရှိကြောင်း၊ ဝါကိုအခြေခံသည့် အထည်လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ သို့သော် ဝါအထွက်မှာကိန်းဂဏန်းအရမှားယွင်းနေကြောင်း၊ ဝါအထွက်နှုန်းများ ကောင်းမွန်လာပါက စိုက်ပျိုးရေးကို အခြေခံသည့် စက်မှုကုန်ထုတ်လုပ်ငန်းကို အောင်မြင်စွာဆောင်ရွက်နိုင်ကြောင်း၊ အလားတူ မိမိတို့နိုင်ငံတွင် အခြားစက်မှုသီးနှံများလည်း စိုက်ပျိုးဖြစ်ထွန်းသဖြင့် Agro-Base Industries ကို ဆောင်ရွက်နိုင်ပြီး တိုင်းပြည်ဝင်ငွေများ တိုးတက်လာမည်ဖြစ်ကာ နိုင်ငံ့ဝန်ထမ်းများအတွက် လစာစရိတ်များနှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို တိုးမြှင့်ဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း၊ **ကုန်ထုတ်လုပ်မှုများ တိုးတက်လာမှသာ ပြည်ပပို့ကုန်နှင့် ပြည်တွင်း ရောင်းကုန်များ မြှင့်တင်နိုင်ပြီး နိုင်ငံခြားဝင်ငွေများ ရရှိလာမည်ဖြစ်ကြောင်း၊ သို့မှသာ နိုင်ငံခြားငွေကြေးဈေးကွက်ကို ထိန်းနိုင်မည်ဖြစ်ကြောင်း**၊ သင်တန်းသားများအနေဖြင့် ဆက်စပ်နေသည့် လုပ်ငန်းသဘောသဘာဝကို နားလည်ပြီး ကုန်ထုတ်လုပ်မှုများ တိုးတက်အောင် ဆောင်ရွက်ကြစေလိုကြောင်း၊ သင်တန်းသားများအနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့၏ တစ်ဦးချင်းတွေးခေါ်မြော်မြင်မှုများဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားမည်ဆိုပါက အနာဂတ်နိုင်ငံတော်အတွက် များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# မန္တလေးမြို့တော်ဝန် ဦးကျော်ဆန်း မန္တလေးမြို့ပတ်ကမ်းနားလမ်း အကြီးစားပြန်လည်ပြုပြင်ခြင်းလုပ်ငန်းနှင့် (၂၂)ကြိမ်မြောက် မြို့တော်ဝန်ဖလား ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန်ပြပွဲ၊ ပြိုင်ပွဲကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှုများ ကြည့်ရှုစစ်ဆေး





**မန္တလေး ဖေဖော်ဝါရီ ၃**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးကျော်ဆန်းသည် လမ်းတံတားဌာန ဌာနမှူးနှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက်ပိုင်းက ၂၀၂၅ ခုနှစ်၊ မတ် ၂၈ ရက်တွင် လှုပ်ခတ်ခဲ့သည့် မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ရသော မန္တလေးမြို့ပတ်ကမ်းနားလမ်းမကြီး(အမရပူရမြို့နယ်၊ ရှမ်းကလေးကျွန်းမှ ရွှေခဲ့ရွာ)အကြား လမ်းပိုင်းအား မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီအနေဖြင့် အပိုင်းနှစ်ပိုင်းခွဲ၍ ခြောက်လမ်းသွားလမ်းလယ်ကျွန်း ပေ ၂၀ အပါအဝင် ၉၂ ပေ အကျယ်နိုင်လွန်ကတ္တရာ AC လမ်း အကြီးစားပြန်လည်ပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို သွားရောက်ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

ဦးစွာ မြို့တော်ဝန်နှင့်အဖွဲ့သည် မြို့ပတ်ကမ်းနားလမ်းမကြီး နိုင်လွန်ကတ္တရာလမ်း ပြန်လည်ပြုပြင်ခြင်းလုပ်ငန်း အပိုင်း(၁)(ရှမ်းကလေးကျွန်းမှ အောင်သာဆီဆိုင်)ကြားနှင့် အပိုင်း(၂)(အောင်သာဆီဆိုင်နှင့်ရွှေခဲ့ရွာ)ကြားတို့တွင် တာဝန်ယူဆောင်ရွက်လျက်ရှိသည့် ကုမ္ပဏီများမှ စက်ယန္တရားများအသုံးပြု၍ အောက်ခံမြေလွှာကျစ်လျစ်သိပ်သည်းမှု သတ်မှတ်(CBR-7)အထိရရှိပြီးဖြစ်၍ အပေါ်ပိုင်းအလွှာလိုက် ကျောက်ပျက်တစ်ပေထုခင်း ရေဖျန်းစက်ကြိတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် လမ်းလယ်ကျွန်းအုတ်ရိုးများ ပြန်လည်တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး မြို့တော်ဝန်က အပေါ်ပိုင်းအလွှာလိုက် ရေဖျန်း၍ စနစ်တကျ လမ်းကြိတ်စက်ဖြင့် ကျောက်ပျက်ခင်းဆောင်ရွက်နေသည့် လမ်းပိုင်းသစ်အား သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ တိတိကျကျ ဆောင်ရွက်ပေးရန်နှင့် အခြေခံလုပ်ငန်းများပြီးစီးပါက နိုင်လွန်ကတ္တရာလမ်းခင်းလုပ်ငန်း ဆက်လက်ဆောင်ရွက်ရန်တို့ကို လမ်းတံတားဌာန ဌာနမှူးနှင့်သက်ဆိုင်ရာ တာဝန်ခံအင်ဂျင်နီယာများအား မှာကြားခဲ့သည်။

မြို့ပတ်ကမ်းနားလမ်းမကြီး(ရှမ်းကလေးကျွန်းနှင့်ရွှေခဲ့ကြား)လမ်းပိုင်းပြုပြင်ခြင်းလုပ်ငန်း အပိုင်း(၁)မှာ အရှည်ပေ ၆၁၀၀၊ အပိုင်း(၂) အရှည်ပေ ၆၁၀၀ ဖြစ်ပြီး လမ်းလယ်ကျွန်းပေ ၂၀ အပါအဝင် တစ်ဖက်လျှင် ၃၆ ပေစီအကျယ် နိုင်လွန်ကတ္တရာ AC အသွား၊ အပြန်လမ်း(၂)လမ်း ခင်းခြင်းလုပ်ငန်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး မတ်လအတွင်း အဆိုပါ(အသွား၊ အပြန်)ကမ်းနားလမ်းအား ပြီးစီးရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

